# ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(    )

**၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ**

**ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**

၁၃၇၆ ခုနှစ်၊    လ    ရက်

၂၀၁၄ ခုနှစ်၊    လ    ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ၁၉၆၁ ခုနှစ်၊ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ-၄၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲငယ်(၂)တွင် ပြဋ္ဌာန်းထားသော "အဆိုပါသူများကို ၂၄ နာရီထက် ကျော်လွန်ပြီး ၁၅ ရက်ထက် မပိုစေသောရက်အပိုင်းအခြားအတွက် ချုပ်ထားခွင့်ကို ရာဇဝတ်တရားသူကြီး တစ်ဦးဦးက အမိန့်ချမှတ်ခွင့်ပြုနိုင်သည်။" ဆိုသည့် စကားရပ်အစား "၂၄ နာရီထက်ကျော်လွန်ပြီး ၁၅ ရက်တစ်ကြိမ်ထက် မပိုစေသော ရက်အပိုင်းအခြားအတွက် ချုပ်ထားခွင့်ကို ရာဇဝတ်တရားသူကြီး တစ်ဦးဦးက အမိန့်ချမှတ်ခွင့်ပြုနိုင်သည်။" စကားရပ်ကိုထည့်သွင်းရမည်။

၃။ ပုဒ်မ(၄)၊ ပုဒ်မခွဲ ၅(က)တွင် ပြဋ္ဌာန်းထားသော "ဖမ်းဆီးခံရသူကို ပုဒ်မခွဲ(၂)အရ ဆက်လက်ချုပ်ထားခွင့်တောင်းခံသည့်အခါ ရာဇဝတ်တရားသူကြီးသည် ဆက်လက်ချုပ်ထားရန် လုံလောက်သော အကြောင်းမရှိဟု ယူဆလျှင်၊ ထိုကဲ့သို့ ယူဆသည့်အကြောင်းများကို ရေးမှတ်ပြီး ထိုသူအား အာမခံနှင့် လွှတ်ထားနိုင်သည်။" ပယ်ဖျက်ပြီး အောက်ပါတို့ကို ပုဒ်မ ၄၊ ပုဒ်မခွဲ ၅(က)အဖြစ်ထည့်သွင်းရမည်။

(က) ၂၄ နာရီထက် ကျော်လွန်ပြီး ၁၅ ရက်တစ်ကြိမ်ထက် မပိုစေသော ရက်အပိုင်းအခြားအတွက် ချုပ်နှောင်ထားပြီး တရားစွဲတင်နိုင်လောက်သည့် အထောက်အထားမတွေ့ရှိပါက ထိုသူကိုချုပ်နှောင်ထားခြင်းမှ အပြီးအပြတ်လွှတ်ရမည်။

၄။ ပုဒ်မ ၁၀ ပုဒ်မခွဲ ၄ တွင် ပြဋ္ဌာန်းထားသော "တစ်ဦးတစ်ယောက်သောသူသည် ပြစ်မှုကျူးလွန်လေ့ရှိသူဖြစ်သည်ဟူသောအချက်ကို၊ သို့တည်းမဟုတ် ခံဝန်မရှိဘဲ လွတ်လပ်စွာနေခွင့်ပြုလျှင်၊ ရပ်သူရပ်သားများကို ဘေးဖြစ်စေအောင် ဆိုးသွမ်းရမ်းကား၍ အန္တရာယ်ပြုတတ်သူဖြစ်သည်ဟူသောအချက်ကို ယေဘုယျအားဖြင့် ကျော်စောသတင်းရှိကြောင်း သက်သေခံဖြင့် ဤပုဒ်မအလို့ငှာ ထင်ရှားစေနိုင်သည်။" ဆိုသည့်စကားရပ်အစား "တစ်ဦးတစ်ယောက်သောသူသည် ပြစ်မှုကျူးလွန်လေ့ရှိသူ ဖြစ်သည်ဟူသောအချက်ကို၊ သို့တည်းမဟုတ် ခံဝန်မရှိဘဲ လွတ်လပ်စွာနေခွင့်ပြုလျှင်၊ ရပ်သူရပ်သားများကို ဘေးဖြစ်စေအောင် ဆိုးသွမ်းရမ်းကား၍ အန္တရာယ်ပြုတတ်သူဖြစ်သည်ဟူသော အချက်ကို မကြာခဏ ပြစ်မှုကျူးလွန်သူဖြစ်ကြောင်း ထိုသူကျူးလွန်သောပြစ်မှုတရားရုံးတော်က ဆုံးဖြတ်ခဲ့သည့်ပြစ်ဒဏ် အစရှိသည်တို့ကို လုံလောက်သော သက်သေခံအထောက်အထားများဖြင့် တင်ပြနိုင်မှသာလျှင် ဤပုဒ်မအလို့ငှာ အထင်အရှားဖြစ်စေသည်"ဟု စကားရပ်ထည့်သွင်းဖြည့်စွက်ရမည်။

၅။ အဆိုပါ အက်ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(၃)ခြွင်းချက်တွင်ပြဋ္ဌာန်းထားသော "ခြွင်းချက် ။ ။ သို့ရာတွင် ခံဝန်မပေးပျက်ကွက်သည့်အတွက် တစ်ဦးတစ်ယောက်သောသူကို ထောင်၌ချုပ်ထားရန် ကာလအပိုင်းအခြား သတ်မှတ်ထားရှိခဲ့သော ထိုကာလအပိုင်းအခြားသည် သုံးနှစ်ထက် မပိုစေရ။" ဆိုသည့် စကားရပ်အစား အောက်ပါတို့ကို ပုဒ်မ-၁၈ ပုဒ်မခွဲ(၃)ခြွင်းချက်တွင်ထည့်သွင်းရမည်။

"ခြွင်းချက် ။ ။ သို့ရာတွင် ခံဝန်မပေးပျက်ကွက်သည့်အတွက် တစ်ဦးတစ်ယောက်သောသူကို ထောင်၌ချုပ်ထားရန် ကာလအပိုင်းအခြား သတ်မှတ်ထားရှိခဲ့သော ထိုကာလအပိုင်းအခြားသည် တစ်နှစ်ထက်မပိုစေရ။"

---

ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်သည်။